# အယောင်ဆောင်ခြင်း (၁၇)ပါး

(၁) ရာဂသည် မေတ္တာယောင်ဆောင်တတ်၏။
(၂) သောကသည် ကရုဏာယောင်ဆောင်တတ်၏။
(၃) လောဘမူသောမနသသသည် မုဒိတပြဟ္မာ့ဝိဟာရ ယောင်ဆောင်တတ်၏။
(၄) ကုသိုလ်တရားတို့၌အားမထုတ်ခြင်း ဝန်ချခြင်းတို့ သည် ဥပေက္ခာပြဟ္မာ့ဝိဟာရယောင်ဆောင်တတ်၏။
(၅) စိတ်ပူပန်ခြင်း ဒေါသ ဒေါမနသသတရားသည် ဝဋ်ဆင်းရဲကို ထိတ်လန့်ခြင်း သံဝေဂယောင်ဆောင်တတ်၏။
(၆) ပုဂ္ဂိုလ်ယုတ်မြတ်၊ ကြည်ညိုအပ် မကြည်ညိုအပ် ရွေးချယ် စုံစမ်းခြင်း၌ မကြည်ညိုတတ်သော အသဒ္ဓိယဟု ဆိုအပ်သော မက္ခပဋာသီ အကုသိုလ်တရားသည် စုံစမ်းခြင်း ပညာယောင် ဆောင်တတ်၏။
(၇) သဒ္ဓါအားကြီးရာ၌ ဆိုးကောင်းယုတ်မြတ် အမှတ်မထင် မဆင်ခြင်တတ် ပညာကင်းလွတ် မသိတတ်သော မောဟသည် သဒ္ဓါယောင်ဆောင်တတ်၏။
(၈) မကောင်းမှုကို ကဲ့ရဲ့ ရှုံ့ချရာ၌ သူတစ်ပါးတို့ ၏ အပြစ်ကို ရှုလေ့ရှိသော ဂရဟာ၊ ဝမ္ဘနာ၊ အဝဏ္ဏာသန ဟူသော မသူတော်တရားသည် ပါပဂရဟိတာဟုဆိုအပ်သော သူတော်ကောင်းတရားယောင်ဆောင်တတ်၏။
(၉) တပည့်သားတို့ ကို နှိမ်နင်းဆုံးမရာ၌ နှုတ်ကြမ်းခြင်း ဖရုသဝါစာ အကုသိုလ်တရားသည် နိဂ္ဂယှဝါဒိတာ ဟုဆိုအပ် သောသူတော်ကောင်းတရားယောင်ဆောင်တတ်၏။
(၁၀) မိမိကိုယ်ကို ဒါယကာတို့ အောက်နှိမ့်ချ၍ ပြောဆိုသော အားဖြင့် လာဘ်ကိုရှာခြင်းဟူသော စာဋုကမျတာ အနေသန တရားသည် ပိယဝါဒိတာဟူသောမေတ္တာယောင်ဆောင်တတ်၏။
(၁၁) အာဇီဝပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်ရာ၌ မိမိ၏ပစ္စည်းတို့ ကို ဝေဖန်၍ သုံးဆောင်လေ့မရှိသော လောဘ မစ္ဆရိယ အကုသိုလ်တရားသည်အာဇီဝပါရိသုဒ္ဓိသီလယောင်ဆောင် တတ်၏။
(၁၂) မိမိပစ္စည်းဥစ္စာတို့ ကို အလဇ္ဇီပုဂ္ဂိုလ်နှင့် ဝေဖန်ဖြန့်ဖြူး၍သုံးဆောင်ခြင်း မိစ္ဆာဇီဝ အလဇ္ဇီပဂ္ဂဟ အကုသိုလ် တရားသည် သံဝိဘာဂနာယကဂုဏ်တည်းဟူသော သဒ္ဓါမေတ္တာ ယောင်ဆောင်တတ်၏။
(၁၃) တရားနှင့်လျော်သော ဝစနပဋိသန္ထာရ၊ ဓမ္မပဋိသန္ထါရတို့ ဖြင့် ဒါယကာတို့ အား မချီးမြှောက်ခြင်းဟု ဆိုအပ် သော ကရုဏာမေတ္တာ သဒ္ဓါကင်းသော မသူတော်တရားသည် လူတို့ နှင့်နီးနှောခြင်းမရှိရဟူသော ဂိဟိအသံသဂ္ဂ သီလယောင်ဆောင် တတ်၏။
(၁၄) လူတို့ နှင့်တရားမသင့် ရောနှောခြင်းဟု ဆိုအပ်သော အာစာရဝိပ္ပတ္တိမိစ္ဆာဇီဝအကုသိုလ်တရားသည် သင်္ဂဟာဟုဆိုအပ် သော သဒ္ဓါ မေတ္တာကရုဏာယောင်ဆောင်တတ်၏။
(၁၅) သူနှစ်ယောက်တို့ ၏အကြား ကွဲပြားစိမ့်ငှာ ကုန်းချော ပြောဆိုခြင်း မသူတော်တရားသည် သစ္စဝါဒိတာ ဟူသော သူတော်ကောင်းတရားယောင်ဆောင်တတ်၏။
(၁၆) အဝိသုဏဝါစာ သုစရိုက်တရားအရာ၌ သူတစ်ပါးတို့ အကျိုးမဲ့ လိုလားခြင်းတည်းဟူသော ဣဿာ မစ္ဆရိယ ဒေါသမူ အကုသိုလ်တရားသည် သူတစ်ပါးတို့ပျက်ပြားကြလတ္တံ့ သည်ကို သိမြင်လျက် ကုန်းတိုက် ရာရောက်မည် ကြောင့် မပြောဆိုပံ့ သည့် အဟန်အယောင်ဆောင်တတ်၏။
(၁၇) မိမိဒါယကာအိမ်တွင် ဝင်ရောက်လာသူ အလှူခံတို့ အား နှလုံးမသာမယာခြင်း ဒေါသမစ္ဆရိယရန်သည် ဒါယကာတို့ အား သနားခြင်း ကရုဏာဟန် အယောင်ဆောင်တတ်၏။

(၁၈) နောက်သားနောင်လာသံဃာတော်တို့ အတွက် အာဝါသကို ကျွဲနွားလူသူ လုယူ ဖျက်ဆီးသည့်အခါ မသဒ္ဒါ မကြည်ညို ဝန်တိုခြင်း အာဝါသမစ္ဆေရ အကုသိုလ်တရားသည် သဒ္ဓါမေတ္တာယောင်ဆောင်တတ်၏။

(၁၉) တရားဟောအပ်သော ကုသိုလ်တရားအရာ၌ ဓမ္မမစ္ဆေရ အကုသိုလ်တရားသည် လှည့်ပတ်အယောင်ဆောင်တတ်၏။

(၂၀) ဂိုဏ်းသံဃာတပည့်များကို တရားကျမ်းဂန် သင်ကြားပို့ချချီးမြှောက်ခြင်းဟုဆိုအပ်သော သဒ္ဓါ မေတ္တာကရုဏာ အရာ၌ဂိုဏ်းအပေါင်းအဖော်ကို တွယ်တာခြင်း သင်္ဂဟိကာရာမ တဏှာ သည် ဂဏာနုဂ္ဂဟာသဒ္ဓါမေတ္တာယောင်ဆောင်တတ်၏။

(၂၁) အကျိုးမဲ့သောစကားတို့ နှင့်တကွ ကာလရှည်ကြာ ပြောဆိုမိခြင်း ဘဿာရာမတဏှာသည် ဓမ္မဒေသနာကို မွေ့ လျော်ယောင်ဆောင်တတ်၏။

(၂၂) ရဟန်းတရား၌ မမွေ့ လျော်နိုင်ခြင်း၊ အမှုသစ်၌သာ မွေ့ လျော်နိုင်ခြင်း၊ တဏှာဟူသောကမ္မရာမ ပပဉ္စတရားသည် ကုသိုလ်ကောင်းမှု၌ မွေ့လျော်ခြင်းဟူသော ပုညာရာမ အယောင်ဆောင်တတ်၏။

(၂၃) ပဋိကူလသညာကမ္မဋ္ဌာန်းအရာ၌ စက်ဆုပ်ရွံရှာ နှလုံးမသာခြင်း ဗျာပါဒသည် ပဋိကူလသညာကမ္မဋ္ဌာန်းထင် ယောင်ဆောင်တတ်၏။

(၂၄) ပဋိကူလသညာကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ရွံရှာအပ်သော အာရုံကို မရွံရှာခြင်းဖြစ်ရာ၌ ကာမတဏှာသည် ရာဂစရိုက် အစွမ်းဖြင့် မရွံရှာသည်ကိုလျက် ပဋိကူလသညာကမ္မဋ္ဌာန်း ထင်သောအားဖြင့် မရွံရှာ ယောင် ဆောင်တတ်၏။

(၂၅) ဘာဝနာကမ္မဋ္ဌာန်းအရာ၌ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓစသည် သမာဓိယောင်ဆောင်တတ်၏။

(၂၆) မထိုင်မရပ် မပြတ်ပြန်လှန် စကြံသွားခြင်းစသည် ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်ရာ၌ ကမ္မဋ္ဌာန်းကို မဝင်မသက် စိတ်ထွက်ပြေးသွားခြင်း ဥဒ္ဓစ္စတရားသည် ဝီရိယတိုးပွား ယောင်ဆောင် တတ်၏။

(၂၇) ဝိနယကုက္ကုစ္စအားဖြင့် မအပ်လိမ့်ယောင် အပ်လိမ့် ယောင်နှင့် မရှောင်ပြုမိသဖြင့် နှလုံးမသာ ဝိပ္ပဋိသာရ ကုက္ကုစ္စသည် သိက္ခာကာမ ကုက္ကုစ္စ ယောင်ဆောင်တတ်၏။

(၂၈) သကဝါဒ ပရဝါဒ ပက္ခနှစ်ပါးတို့ ၌ ယုတ္တာယုတ္တိရှိမရှိကို ကြံစည်စုံစမ်းရာ၌ သကဝါဒ၌သို့ လောသို လော သက်ာယုံ မှားခြင်း ဝိစိကိစ္ဆာ အယုတ်တရားသည် စူးစမ်းဆင်ခြင် တတ်သောပညာ အယောင်ဆောင်တတ်၏။

(၂၉) ဣဋ္ဌ အနိဋ္ဌအာရုံတို့ ၌ ဝမ်းမနည်း ဝမ်းမသာ လျစ်လျူရှုခြင်း၊ ဥပေက္ခာတရားအရာ၌ ဆိုးကောင်း ယုတ်မြတ် မသိတတ်၍ အမှတ်မဲ့နေခြင်း အညာဏုပေက္ခာ ဟူသောမောဟ တရားသည် ဆိုးကောင်း ယုတ်မြတ် သိတတ် လျက်သာ လျစ်လျူရှုရသည်ဟူသော ဉာဏုပေက္ခာယောင်ဆောင်တတ်၏။

(၃၀) ပရမတ္ထသဘောကို နှစ်နှောဆင်ခြင်တတ်သောပညာ အရာ ၌ သတ္တဇီဝ ငါသူတစ်ပါးမဟုတ်၊ နာမ်ရုပ်အစုမျှသာဖြစ်၍ လှံဓားဖြင့်ထိုးခုတ်ခြင်းကို ပြုသော်လည်း ပကတိအားဖြင့် ပျက်စီးခြင်းသဘော ရှိသော ဇီဝိတိန္ဒြေကို မဖျက်စီးနိုင်ရာ ရုပ်ကလာပ်အကြားကိုသာ လှံသွား ဓားသွား ကျရောက် သည်ဖြစ်၍ ပဏာဝမ မဖြစ်နိုင်ရာဟူသော အကိရိယဒိဋ္ဌိ အစရှိသော မိစ္ဆာဒိဋ္ဌိတရားသည် ဉာဏ်ကြီးသည့်အယောင်ဆောင်တတ်၏။

(၃၁) သားသမီးချွေရံပရိသတ်တို့ တွယ်တာမက်မောခြင်းကင်းသော ဝိရာဂတရားအရာ၌ သူတစ်ပါးတို အား သနားခြင်း မရှိ နိကရုဏာသဘောတရားသည် နှစ်သက်တွယ်တာခြင်း ကင်းသည့် အဟန်အယောင်ဆောင် တတ်၏။

(၃၂) ဘုရားခွင့်ပြုတော်မူသည်ကို ငါမှီဝဲသည်ဟူသော အမှတ်ဖြင့် သဒ္ဒါရဟူသော စုံးပိုင်အာရုံ ကာမဂုဏ် အမှု၌ တွယ်တာမက်မောခြင်း တဏှာသည် အပ်သည်ကိုသာ ငါမှီဝဲအပ် သည် ဟူသော အမှတ်ကို ဖြစ်စေ

သဖြင့်အယောင်ဆောင် တတ်၏။
(၃၃) ကိုယ့်ရှင် ကိုယ်သာ ကိုယ့်ဆရာဟု ပညာအားကိုး အမြတ်တနိုးပြုရာ၌ သီတင်သုံးဖော် ဆရာသမား သူတစ်ပါးတို့ ၏ အဆုံးအမကို မလိုက်နာနိုင်ခြင်း အယုတ်တရားသည် အတ္တာဓိပတိဟန် အယောင်ဆောင် တတ်၏။
(၃၄) ဓမ္မဝိဟာရီသာ ပမာဏဟု နှလုံးပြုသဖြင့် သီတင်းသုံးသံဃာတော်တို့ ကံကြီးကံငယ် မှုကြီးမှုငယ်တို့ ကြောင့် စည်းဝေးကြသည့်အခါ အညီအညွတ် မလာမရောက် မလောက်မလား လေးစားမပြုနေခြင်း ဟူသော သပြဟ္မာ့စာရီ အဂါရဝတရားသည် မိမိလည်း တရားတစ်ခုအာရုံပြု၍ ကောင်းသောနေခြင်းဖြင့်သာ နေပါသည် အမှတ်ကိုဖြစ်စေ သဖြင့် အယောင်ဆောင်တတ်၏။
(၃၅)သီတင်သုံးဖော် ဆရာသခင်တို့ အား လောကအကြိုက် အလိုလိုက်၍ တရားမငဲ့ မျက်နှာငဲ့ကာ ပြုရသော ဝေယျာဝစ္စတို့ သည် ဆရာသခင် အရှင်များကို ခံ့ညားရိုသေခြင်း လောကာဓိပတိ ဟူသော ဂါရဝတရား ယောင်ဆောင်တတ်၏။
(၃၆) အတိုင်းအရှည်နှင့်ယှဉ်၍ စကားပြောဆိုခြင်း သတိသမ္ပဇညတရားအရာ၌ စကားအလွန်နည်းပါးခြင်း၊ သီတင်းသုံးဖော် အာဂန္တုကတို့ နှင့် ဝမ်းမြောက်ဝမ်းသာမပြော ဆိုနိုင်ခြင်း အာလသိယ မာနထဒ္ဓ သာရမ္ဘ တရားသည် စကားအရာ၌ အတိုင်းအရှည်ကိုသိသော သတိသမ္ပဇည အယောင်ဆောင်တတ်၏။
(၃၇) သီတင်းသုံးဖော် အာဂန္တုက ရဟန်းတို့ နှင့် ဝမ်းမြောက် ဝမ်းသာပြောဆိုလေ့ရှိသော သဒ္ဓါမေတ္တာ ကုသိုလ်တရားအရာ၌ အလွန်အယုတ် ဟုတ်မဟုတ်ကို မဆင်ခြင်၊ ဆိုချင် မက်မော အလိုင်းတကြီး ပြောဆိုမိသော မာယာသာဌေယျ အယုတ် တရားသည် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်ညိုဆိုသော အယောင်ဆောင်တတ်၏။